# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅

# ခုနှစ် ဒေသန္တရစီမံကိန်း ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ

( ၂၀၁၄ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ် ၊ မတ်လ ၂၈ ရက် )

## နိဒါန်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ**ဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်၍မည်မျှ တိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်များနှင့် လုပ်ငန်း အစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ်(၂၀) နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါရှိသည်။ ယင်းဒေသန္တရ စီမံကိန်းများ၌ ကာလအလိုက် ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူး စီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့် စီမံကိန်းများ ဘက်စုံ ဆက်စပ် အကျုံးဝင်သည် ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ဒေသ၏ စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်၍မည်မျှ ဖွံ့ဖြိုးတိုးတက် စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းကို ဆိုသည်။

(ဃ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းကို ဆိုသည်။

(င) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှု၊ ကုန်သွယ်မှု ကဏ္ဍများကို ဆိုသည်။

(စ) **ကဏ္ဍကြီး** ဆိုသည်မှာ ကဏ္ဍများကို လုပ်ငန်းသဘောသဘာဝ တူညီမှု အပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်သည့် လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ ရည်မှန်းချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းများအရ ၉. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) လယ်ယာကဏ္ဍတွင် ၅. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) သားငါးကဏ္ဍတွင် ၁၇. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) သစ်တောကဏ္ဍတွင် ၂၃. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) စွမ်းအင်ကဏ္ဍတွင် ၀. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၃. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) စက်မှုလက်မှုကဏ္ဍတွင် ၁၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၂၂. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ဆောက်လုပ်မှုကဏ္ဍတွင် ၃၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) ပို့ဆောင်ရေးကဏ္ဍတွင် ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဋ) ဆက်သွယ်ရေးကဏ္ဍတွင် ၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဌ) ငွေရေးကြေးရေးကဏ္ဍတွင် ၂၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဍ) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဎ) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဏ) ကုန်သွယ်မှုကဏ္ဍတွင် ၆. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

၅။ ခရိုင်အလိုက် တိုးတက်မှုနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စစ်ကိုင်းခရိုင်တွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) မုံရွာခရိုင်တွင် ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ယင်းမာပင်ခရိုင်တွင် ၁၀. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) ရွှေဘိုခရိုင်တွင် ၈. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) ကသာခရိုင်တွင် ၁၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) ကလေးခရိုင်တွင် ၉. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) တမူးခရိုင်တွင် ၁၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) မော်လိုက်ခရိုင်တွင် ၇. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ခန္တီးခရိုင်တွင် ၁၉. ၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(ည) နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၉. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

## ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု ပါဝင်မှု အချိုးအစား ရည်မှန်းချက်

၆။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပုံမှန်ဈေးနှုန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတန်ဖိုး ပါဝင်မှုအချိုးအစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲဖြစ်ပေါ်လာစေရန် ရည်မှန်းပါသည် -

(က) ကုန်ပစ္စည်းထုတ်လုပ်သော ကဏ္ဍများတွင် ၇၁. ၃ ရာခိုင်နှုန်းမှ ၇၂. ၁ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) ဝန်ဆောင်မှု ကဏ္ဍများတွင် ၁၀. ၃ ရာခိုင်နှုန်းမှ ၁၀. ၀ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ကုန်သွယ်မှု ကဏ္ဍတွင် ၁၈. ၄ ရာခိုင်နှုန်းမှ ၁၇. ၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

၇။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပုံမှန်ဈေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲ ဖြစ်ပေါ်လာစေရန် ရည်မှန်းပါသည် -

(က) လယ်ယာကဏ္ဍကြီးတွင် ၄၄. ၈ ရာခိုင်နှုန်းမှ ၄၃. ၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) စက်မှုကဏ္ဍကြီးတွင် ၂၆. ၅ ရာခိုင်နှုန်းမှ ၂၈. ၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၂၈. ၇ ရာခိုင်နှုန်းမှ ၂၇. ၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

## လူတစ်ဦးစီ၏ စီးပွားရေးရည်မှန်းချက်

၈။ နှစ်အလိုက်ဈေးနှုန်းများအရ လူတစ်ဦးစီ၏ ( Per Capita GDP )မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၉၆၄,၁၆၄ ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကျပ် ၁,၀၈၀,၄၇၉ ဖြစ်ပေါ်လာရန် ရည်မှန်းပါသည်။

## ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

၉။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၉၅,၀၄၈. ၄၂၇ သန်း လျာထားပါသည်။

# အခန်း (၃)
# အထွေထွေ

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာ ဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့